## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)
## National Community Driven Development Project



ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ရန်ကုတ်ကျေးရွာအုပ်စု

ကောင်းမှုကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်

၂၀၂၀ပြည့်နှစ် (တတိယနှစ်စက်ဝန်း)

## မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ | -၃ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ | -၄ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ | |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ။<br>၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ<br>၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ ပိုင်ဆိုင်မှု မြေဧရိယာနှင့်သဘာဝ သယံဇာတများ။<br>၄.၈။ အခြားသတင်းအချက်အလက်များ။ | |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြစ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။ | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ<br>၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)<br>၆.၂။ ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)<br>၆.၃။ ဥစ္စာခနေကြွယ်ဝမှုအဆင့် (Wealth Ranking)<br>၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram) | |

| | |
|---|---|
| | ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)<br>၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း။ |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။ |
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။ |
| ၁၀။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ–၁ (PC – 1) |
| ၁၁။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ–၂ (PC – 2) |
| ၁၂။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ–၃ (PC – 3) |
| ၁၃။ | ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ |
| ၁၄။ | ကဏ္ဍာအလိုက်အနှစ်ချုပ်ဇယား |

## ၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ရန်ကုတ်ကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ရန်ကုတ် | ၂၆၄ | ၅၇၁ | ၆၅၀ | ၁၂၂၁ |
| ၂။ | ကမ္မရာ | ၃၁၁ | ၉၁၈ | ၉၂၃ | ၁၈၄၁ |
| ၃။ | ဆိပ်ဖူးကုန်း | ၂၁၄ | ၅၆၃ | ၅၁၀ | ၁၀၇၃ |
| ၄။ | ကောင်းမှု | ၃၅ | ၆၉ | ၈၃ | ၁၅၂ |
| ၅။ | ဇော်ဟဲ | ၈၀ | ၁၈၅ | ၁၈၁ | ၃၆၆ |
| ၆။ | နောင်နိုင်း | ၂၂၃ | ၇၃၇ | ၇၄၄ | ၁၄၈၁ |
| ၇။ | နန်းဆွေမိတ် | ၇၃ | ၂၃၅ | ၂၀၄ | ၄၃၉ |
| ၈။ | လှိုင်စိမ်း | ၁၀၅ | ၂၅၄ | ၂၃၀ | ၄၈၄ |

# ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

## ၄.၁။ ကျေးရွာသမိုင်းကြောင်း။

အင်္ဂလိပ်မင်းလက်ထက် မြဝတီလမ်းမဖောက်လုပ်ခင်ကတည်းက အိမ်ခြေ ၃၀ နီးပါးဖြင့် တထူးမှု နာမည်ဖြင့် ရွာရှိခဲ့သည်။ နယ်မြေတွင်း မငြိမ်းချမ်းသောကြောင့် ကျေးရွာတစ်ကြိမ် ပျက်ခဲ့ရသည်။ ရွာသူရွာသားများက မဲကနယ်၊ ဖားချောင်း၊ ကွင်းကလေးစသော ရွာအချို့တွင် ခိုလှုံခဲ့ကြသည်။ မြဝတီဘက်တွင် နယ်မြေမအေးချမ်းသောအခါ ရွာသူရွာသားများက နောင်းကိုင်း အုပ်စု ရွှေလူကုန်းရွာနားရှိ မြနင်းကုန်းတွင် ရွာတည်ပြီး နှစ်နှစ်၊ သုံးနှစ် ကြာသောအခါ ကောင်းမှုရွာတွင် ပြန်လည်နေထိုင်ခဲ့ကြသည်။ ရွာတွင်းတွင် အမျိုးမျိုးသော ဘေးအန္တရာယ် ကြောင့် ဒုက္ခအမျိုးမျိုးကြုံတွေ့ခဲ့ရသည်။ ကျေးရွာတွင် ဆယ်နှစ်ကျော် နေပြီးနောက် နယ်မြေမငြိမ်းသောကြောင့် တောင်သုံးလုံးနားတွင် ရွာတည်ပြီး တောင်သုံးလုံးရွာဟု အမည် တွင်ခဲ့ကြသည်။ ဆယ်နှစ်ကျော်ကြာသောအခါ ကောင်းမှုရွာဘက် တွင် တဖြည်းဖြည်း ပြောင်းရွှေ့နေထိုင်လာခဲ့ကြသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် စစ်သားများက နှိပ်စက် သောကြောင့် ရွာသူရွာသားများက ယခုလက်ရှိ လှိုင်စိမ်းရွာဘက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဆယ်နှစ်ခန့်ကြာသောအခါ နယ်မြေငြိမ်းချမ်းလာပြီး အချို့က လှိုင်စိမ်းရွာနှင့် တခြားရွာတွင် ကျန်ရစ်နေထိုင် ခဲ့ကြပြီး ကောင်းမှုရွာသို့ အိမ်ထောင်စုအနည်းငယ်သာ ပြန်လည်ရောက်ရှိ အခြေချ နေထိုင်ခဲ့ကြသည်။ ကောင်းမှုရွာဆိုသော အမည်ဖြစ်ပေါ်လာပုံမှာ ရှေးလူကြီးများက တောင်ထိပ်တွင် ကျောက်ပုံစေတီ တည်ထားကိုးကွယ်ခဲ့ပါသည်။ ရွာသူရွာသားများက ကျောက်ပုံစေတီဘုရား သွားရောက်ဖူးမြော်သောအခါ မွန်လူမျိုး အဘိုးကြီးတစ်ဦးနှင့် ဆုံခဲ့ပါသည်။ ထိုအဘိုးကြီးက ဘုရားဖူးများထဲမှ အသက်အကြီးဆုံးသောလူတစ်ယောက်ကို မေးခဲ့ပါသည်။ "လူကလေး.. ဒီဘုရားအမည်ကို ဘယ်လိုခေါ်တွင်ပါသလဲ။ အသက်အကြီးဆုံး ဘုရားဖူးကလဲ ဒီဘုရားက ကရင်ဘာသာ စကားဖြင့် 'ဟော့ဘောကျိုး' လို့ ခေါ်ပါတယ်" ဟု ပြန်ဖြေခဲ့ပါသည်။ နောက်ပြီး မွန်အဘိုးကြီးက "လူကလေး.. ဒီဘုရားကို ဟော့ဘောကျိုးလို့ မခေါ်ဘဲနဲ့ 'နတ်များတောင်ဘုရား'ဟုခေါ်ပါလို့ အကြံပေးခဲ့ ပါသည်။ ဘုရားဖူးတွေက ရွာကိုပြန်လာချိန်တွင် မွန်အဘိုးကြီးကလည်း လိုက်လာခဲ့ပါသည်။ နောက်ပြီး မွန်အဘိုးကြီးက ထပ်မေးခဲ့ပြန်တယ်။ "လူကလေး.. ဒီရွာကို နာမည်ဘယ်လိုခေါ်ပါသလဲ" တထူးမှု ရွာလို့ ခေါ်ပါတယ်ဟု ပြန်ဖြေခဲ့ပါသည်။ မွန်အဘိုးကြီးက ဒီရွာကို တထူးမှု လို့ခေါ်မယ့်အစား ကုသိုလ်ကောင်းမှု ရွာလို့ ခေါ်လိုက်ပါဟု အကြံပေးခဲ့သည်။ ထို့ကြောင့် တထူးမှုရွာကို ကောင်းမှုရွာဟု ယခုထိတိုင် ခေါ်ဝေါ်ခဲ့ကြသည်။

## ၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်းစုနှင့် လူဦးရေ။

ကောင်းမှုကျေးရွာတွင် အိမ်ထောင်စု (၃၅) စု ရှိပါသည်။ ကျေးရွာအတွင်းနေ ထိုင်သောလူဦးရေမှာ အမျိုးသား (၆၉)ဦး၊ အမျိုးသမီး (၈၃)ဦး၊ စုစုပေါင်း (၁၅၂)ဦးရှိပါသည်။ ယခု အိမ်ထောင်စုနှင့် လူဦးရေစာရင်း မှာ ၂၀၂၀ခုနှစ်၊ ဇွန်လတွင် ကောက်ထားသောစာရင်းဖြစ်ပါသည်။

## ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

ကောင်းမှုကျေးရွာတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးစုမှာ ကရင် လူမျိုးဖြစ်ပါသည်။ ကရင် လူမျိုး အိမ်ထောင်စု (၃၅)စုတွင် အမျိုးသား (၆၉)ဦးနှင့် အမျိုးသမီး (၈၃)ဦး စုစုပေါင်း (၁၅၂)ဦး ရှိပါသည်။

## ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

ကောင်းမှုကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ် နှင့် အထက်) ၉ ဦး၊ မသန်စွမ်း (၂) ဦးတို့ရှိပါသည်။

## ၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ

ကောင်းမှု ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်း နှင့် ဘုရားစေတီ တို့ရှိပါသည်။

## ၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏ အဓိကစီးပါွးရေးမှာ ကျောက်ဝိုင်း၊ လယ်လုပ်ငန်းနှင့်တောင်ယာစိုက်ပျိုးခြင်း ဖြစ်သည်။

## ၄.၇။ ပိုင်ဆိုင်မှု မြေရေယာနှင့်သဘာဝ သယံဇာတများ။

ထွန်စက်၊ သစ်ဖြတ်လွှ၊ ဆင်၊ လက်ယက်ကန်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဆိုလာပြား၊ လယ်၊ တီဗွီ၊ ချောင်း၊ ကား၊ ရေတွင်း၊ ဖုန်း၊ ဆိုင်ကယ်၊ ဥယျာဉ်ခြံ၊ ကျွဲနွား၊ တံတား၊ မြွေမြူရေး တိရစ္ဆာန် တို့ရှိပါသည်။

## ၄.၈။ အခြားသတင်းအချက်အလက်များ။

အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ BGF ၊ လူငယ်၊ ARC (ငှက်ဖျားတိုက်ဖျက်ရေး) အဖွဲ့တို့သည် ကျေးရွာတွင်း တည်ရှိသော အဖွဲ့ဖြစ်သည်။ KWEG၊ DRD နှင့် အုပ်စုအုပ်ချုပ်ရေးမှုး တို့သည် ရွာအပြင်တွင်ရှိသော အဖွဲ့အစည်းဖြစ်သည်။

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေး သူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၈ | ၁၄ | ၂၂ | အသက်မွေး ဝမ်းကျောင်း အရင်းအမြစ်၊ ရွှေ့ပြောင်း လုပ်ကိုင် သူများခြင်း။ |
| ၂ | ရာသီခွင်ပြ – ပြက္ခဒိန် | ၈ | ၁၄ | ၂၂ | စိုက်ပျိုးရေး၊ ပွဲတော်ရက်၊ ရေရရှိမှု၊ဝင်ငွေထွက်ငွေ၊ လမ်းပန်းဆက်သွယ်ရေး၊ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် | ၈ | ၁၄ | ၂၂ | အဆင်မပြေသောအိမ်ထောင်စု (၈)စု၊ အလုပ် အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ ပညာရေး။ |
| ၄ | ပင့်ကူအိမ် (ကျား–မရေးရာ) | ၈ | ၁၄ | ၂၂ | ပညာတတ်မြောက်မှု၊ ဝင်ငွေနည်းပါးခြင်း၊ အလုပ် အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အမျိုးသမီးများ ဝင်ငွေရ အလုပ်အကိုင် မရှိခြင်း၊ ကျန်းမာရေး။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၈ | ၁၄ | ၂၂ | လက်ယက်ကန်း အမျိုးသမီးများ သုံးစွဲမှုများသည်။ ဆင်၊ လက်ယက်ကန်း၊စာသင်ကျောင်း ၊ ဘုန်းကြီးကျောင်း၊ ဆိုလာပြား၊ လယ်၊ တီဗွီ၊ ချောင်း၊ ကား၊ ရေတွင်း၊ ဖုန်း၊ ဆိုင်ကယ်၊ ဥယျာဉ်ခြံ၊ ကျွဲနွား၊ တံတား၊ မြေမြှုရေးတိရစ္ဆာန် တို့ကို အမျိုးသား၊ အမျိုးသမီးတို့က သုံးစွဲကြသည်။ |


| | | | | | |
|---|---|---|---|---|---|
| ၆ | **အဖွဲ့အစည်းချိတ်ဆက်မှု** | ၈ | ၁၄ | ၂၂ | လက်ယက်ကန်း အမျိုးသမီးများ သုံးစွဲမှုများသည်။ ဆင်၊ လက်ယက်ကန်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဆိုလာပြား၊ လယ်၊ တီဗွီ၊ ချောင်း၊ ကား၊ ရေတွင်း၊ ဖုန်း၊ ဆိုင်ကယ်၊ ဥယျာဉ်ခြံ၊ ကျွဲနွား၊ တံတား၊ မြေမြူရေးတိရစ္ဆာန် တို့ကို အမျိုးသား၊ အမျိုးသမီးတို့က သုံးစွဲကြသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ


### ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)



## ၆.၂။ ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)



# ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)



ကော့ကရိတ်မြို့နယ်
ရင်ကွက်နည်းစု

ဥစ္စာဓနကြွယ်ဝမှုပြဇယား


ကျေးရွာ - ကောင်းမှု
ရက်စွဲ - 11. 3. 2020

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသော အိမ်ထောင်စု | သွပ်အိမ်၊ ဝါးအိမ်၊ ဆိုင်ပိုင်၊ လယ် ရှိကောအကောင်၊ ထွန်းကား၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ဥယျာဉ်ခြံ၊ ရွှေငွေလက်ဝတ် ရတနာ၊ လယ်လုပ်ငန်း၊ ဈေးဖြစ်ရေး၊ မီးသွေးထုတ် | 10 | 33 % |
| အလယ်အလတ် ရှိသောအိမ်ထောင်စု | သွပ်အိမ်၊ ဝါး အိမ်၊ ဆိုင်ကယ်၊ ဥယျာဉ်ခြံ နည်းအကျဉ်း၊ ထွန်း၊ ကြက်၊ ဝက်၊ လယ်ယာများ ရက်လုပ်ကိုင်၊ မီးသွေးထုတ်၊ ရေ ကျေပျပ်း | 13 | 44 % |
| အဆင်မပြေသော အိမ်ထောင်စု | ဝါးအိမ်၊ ကွား၊ ကြက်၊ ဝက်၊ လယ်ယာများ ချေးလုပ်၊ ရေ သား ကျေပျပ်း | 7 | 23 % |


ဦးဆောင်ဆွေးနွေးသူ - နန်း၀နွာသခင်း

ပါဝင်ဆွေးနွေးသူ - ကျား ( 8 ) + မ ( 14 ) = 22

## ၆.၄။ ပင့်ကူအိမ် (ကျား–မရေးရာ) (Spider Diagram)



## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



မြို့နယ်-ကော့ကရိတ် အရင်းအမြစ်ထိန်းချုပ်မှု ကျေးရွာ-ကောင်းမှု


အုပ်စု - ~~ကော့နိုင်~~ ဂန်ကွက် ပြဇယား ရက်စွဲ - 11.3.20

| အကြောင်းအရာ | ကျား | မ | ကျား+မ |
| --- | --- | --- | --- |
| ထွန်စက် | ✓ | | |
| သစ်ဖြတ်လွှ ၊ ဆင | ✓ | | |
| ဆိုလာ | ✓ | | |
| လယ် | ✓ | | |
| ကား | ✓ | | |
| လက်ရက်ကန်း | | ✓ | |
| မွေးမြူရေးတိရစ္ဆာန် | | ✓ | |
| စာသင်ကျောင်း | | | ✓ |
| ဘုန်းကြီးကျောင်း | | | ✓ |
| TV ၊ မြန်ချောင်း | | | ✓ |
| ဆိုင်ကယ် | | | ✓ |
| ဥယျာဉ် ခြံ | | | ✓ |

ဦးဆောင်ဆွေးနွေးသူ - နန်းဝေနှာဦး

ပါဝင်ဆွေးနွေးသူ - ကျ(8) + မ(14) = 22

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)



## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် ရလဒ်များ |
|---|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | အသက်မွေးဝမ်းကြောင်းအတွက် လယ်၊ သစ်တော၊ မြစ်ချောင်းများကို အသုံးပြုကြသည်။ သစ်တော၊ ချောင်းမှာ အများအပြားရှိပြီး လယ်နှင့်ရာဘာနည်းပါးသည်။ လွန်ခဲ့သော ၅နှစ်အတွင်း သစ်တောများ နည်းလာသည်။ ကျေးရွာတွင် သီးခြားနေထိုင်သော အုပ်စုမရှိပါ။ ကျေးရွာမှ ရွာသားအချို့သည် အခြားရွာသို့ စစ်ဘေးရှောင်ရင်း အချို့က ယနေ့အထိပြန်မလာသေးပါ။ ချောင်းကျောက်၊ သဲ၊ ဂဝံမြေ၊ သစ်တောစသည့် အရင်းအမြစ်များရှိပါသည်။ ကျောက်ဝိုင်း၊ လယ်၊ ရေလုပ်ငန်းကို အများဆုံးလုပ်ကိုင်သည်။ နယ်မြေအေးချမ်းသည့်ကာလတွင် မျှစ်ချိုး၊ ဝါးဥတူး၊ ပျားဖွတ်စသော သဘာဝ သီးနှံရှာဖွေပြီး လုပ်ကိုင်စားသောက်သည်။ |
| ၂ | ရာသီခွင်ပြ – ပြက္ခဒိန် | လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အခြားလုပ်ငန်းများမှာ မီးသွေးဖုတ်၊ ကျောက်ရောင်းစသည့်လုပ်ငန်းများကိုလုပ်ကိုင်သည်။ နယ်မြေအေးချမ်းသောကာလတွင် ဒူးရင်းခြံသို့သွားရောက်လုပ်ကိုင်သူများလည်း ရှိသည်။ လုပ်ငန်းတစ်ခုစီအတွက် လူတစ်ဦး၏ ပျမ်းမျှဝင်ငွေတစ်ရက်လျှင် ၅၀၀၀ကျပ်မှ ၁၀၀၀၀ကျပ်ထိရှိသည်။ ၎င်းတို့၏ တစ်နှစ်တာ ဝင်ငွေသည် အသုံးစရိတ်အတွက်မလုံလောက်ပါ။ သစ်သီးသစ်ဥရှာပြီး ဈေးငှားခြင်းဖြင့် ဖြေရှင်း |

| | | |
|---|---|---|
| | | ကြပါသည်။<br>အမျိုးသမီးများ၏အသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ လယ်၊မီးသွေးဖုတ်၊ ကျောက်ဝိုင်း ရောင်းခြင်းတို့ဖြစ်ပါသည်။ |
| ၃ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | အဆင်မပြေသောအိမ်ထောင်စု ၇စု ရှိပါသည်။ အဆင်မပြေရခြင်းမှာ နယ်မြေမငြိမ်းချမ်း ခြင်းကြောင့်ဖြစ်သည်။ အဆင်မပြေသောသူများ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းတွင် ပါဝင်လာအောင် ဆွေးနွေးစည်းရုံးပြီး အလုပ်အကိုင် အခွင့်အလမ်းပေးရမည် ဖြစ်သည်။<br>လမ်းလုပ်ငန်း ဆောင်ရွက်လျှင် ကျေးရွာသို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး အဆင်မပြေသောသူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းရရှိလာမည် ဖြစ်သည်။ |

| | | |
|---|---|---|
| ၄ | **ပင့်ကူအိမ် (ကျား-မရေးရာ)** | အမျိုးသမီးများသည် အဖွဲ့အစည်းတွင်ပါဝင်မှု ဝင်ငွေရှာဖွေနိုင်မှု၊ ဦးဆောင်နိုင်မှုတွင် အားနည်းသည်။<br>အမျိုးသမီးများသည် ဝင်ငွေရရှိသောလုပ်ငန်းတွင် လုပ်ကိုင်မှုနည်းပြီး အိမ်မှုကိစ္စတွင်သာ အချိန်ပေးနေကြရသည်။ ပညာတတ်မြောက်မှုနည်းပြီး ပြောရဲဆိုရဲမရှိပါ။<br>အမျိုးသမီးများသည် အိမ်တွင်းတွင်သာဆုံးဖြတ်ချက်ချမှုများပြီး ရပ်ရေးရွာရေးတွင်ဆုံးဖြတ်ချက်ချနိုင်မှု သိပ်မရှိပါ။<br>ကျေးရွာတွင်အမျိုးသမီးအသိပညာပေး ဟောပြောပွဲများ လုပ်ငန်းဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချစေခြင်း ပူးပေါင်းပါဝင်စေခြင်းဖြင့် လက်တွဲခေါ်ယူပြီး သူတို့ဘဝတိုးတက်အောင် လုပ်ဆောင်နိုင်ပါသည်။ |
| ၅ | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | အမျိုးသမီးများသီးသန့်အသုံးပြုသော အရင်းအမြစ်မှာလက်ယက်ကန်းဖြစ်သည်။<br>အမျိုးသားများသီးသန့်အသုံးပြုသော အရင်းအမြစ်မှာ ထွန်စက်၊သစ်ဖြတ်လွှ၊ဆင်တို့ဖြစ်သည်။<br>နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်မှာ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဆိုလာ၊ လယ်၊ တီဗွီ၊ မြစ်ချောင်း၊ ကား၊ ဆိုင်ကယ်၊ ဥယျာဉ်ခြံ၊ မွေးမြူရေးတိရိစ္ဆာန်တို့ဖြစ်သည်။<br>အမျိုးသမီးသီးသန့်ထိန်းချုပ်သော အရင်းအမြစ်မှာ လက်ယက်ကန်း၊ မွေးမြူရေးတိရိစ္ဆာန်တို့ဖြစ်သည်။<br>အမျိုးသားသီးသန့်ထိန်းချုပ်သော အရင်းအမြစ်မှာ ထွန်စက်၊ သစ်ဖြတ်လွှ၊ ဆင်၊ ဆိုလာ၊ လယ်၊ ကား တို့ဖြစ်သည်။ |

| | | |
|---|---|---|
| | | နှစ်ဦးစလုံးထိန်းချုပ်သောအရင်းအမြစ်မှာ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ တီဗွီ၊ မြစ်ချောင်း၊ ဆိုင်ကယ်၊ ဥယျာဉ်ခြံတို့ဖြစ်သည်။ ထိုအရင်းအမြစ်များကို အသုံးပြုရန် နှစ်စလုံးက ဆုံးဖြတ်ချက်ချသည်။<br>အကယ်၍ အမျိုးသမီးကအသုံးပြုပြီး အမျိုးသားကထိန်းချုပ်လျှင် အချင်းချင်း အငြင်းပွား နိုင်သည်။ |
| ၆ | **အဖွဲ့အစည်းချိတ်ဆက်မှု** | ဆယ်အိမ်မှူးနှင့် တစ်လသူကြီးသည် ကျေးရွာဖွံ့ဖြိုးရေးအတွက်အဓိကအခန်းကဏ္ဍ တွင်ပါဝင်သည်။<br>အမျိုးသမီးမပါဝင်သောအဖွဲ့မှာ BGF နှင့် ဆယ်အိမ်မှူးတို့ဖြစ်သည်။<br>ဆယ်အိမ်မှူး၊ တစ်လသူကြီး၊ ဂေါပက၊ အပျို လူပျိုအဖွဲ့များသည် လူမှုရေး ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေးများကို ဆောင်ရွက်သည်။<br>BGFသည် ရပ်ရွာလုံခြုံရေးအတွက် အဓိက ဆောင်ရွက်သည်။<br>KWEGသည် ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာသည်။<br>ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့သည် ကျေးရွာဖွံ့ဖြိုး ရေးအတွက် အဓိကဆောင်ရွက်သည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။





## ၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။

| စဉ် | အမည် | ကျား | မ | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးတင်သန်း | ကျား | | စီ/ထောက်ဥက္ကဋ္ဌ | |
| ၂ | နော်မိဂေ | | မ | စီ/ထောက်ဥက္ကဋ္ဌ | |
| ၃ | စောထိန်လင်း | ကျား | | စာရင်းကိုင် | |
| ၄ | ဦးမောင်အေး | ကျား | | ဝေဖန်အကြံပြုကိုယ်စားလှယ် | |
| ၅ | ဒေါ်တင်အေး | | မ | ဝေဖန်အကြံပြုကိုယ်စားလှယ | |
| ၆ | ဦးစောထူးဝါး | ကျား | | ဝယ်ယူရေးခေါင်းဆောင် | |
| ၇ | စောသိန်းဝင်း | ကျား | | ဝယ်ယူရေးအဖွဲ့ဝင် | |
| ၈ | ဒေါ်နော်ဘလက် | | မ | ဝယ်ယူရေးအဖွဲ့ဝင် | |
| ၉ | ဦးတင်မြင့် | ကျား | | ပြင်/ထိန်းခေါင်းဆောင် | |
| ၁၀ | ဒေါ်ဖော့ဟေ | | မ | ပြင်/ထိန်းအဖွဲ့ဝင် | |
| ၁၁ | ဒေါ်တင်ဝင်း | | မ | စောင့်ကြည့်ခေါင်းဆောင် | |
| ၁၂ | ဒေါ်ပွဲ့ဖိုး | | မ | စောင့်ကြည့်အဖွဲ့ဝင် | |
| ၁၃ | ဦးဖါးကျေးမိုး | ကျား | | စောင့်ကြည့်အဖွဲ့ဝင် | |
| ၁၄ | စောသားငယ် | ကျား | | စေတနာ့ဝန်ထမ်း | |
| ၁၅ | နော်ကြည်လှဲ့လှဲ့သိန်း | | မ | စေတနာ့ဝန်ထမ်း | |

| စုစုပေါင်း | ကျား | မ | ပေါင်း |
|---|---|---|---|
| | ၈ | ၇ | ၁၅ |

၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၁ (PC – 1)

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင်အမည်<br>ဦးဘိဘ(တစ်လသူကြီး) | ကျေးရွာခေါင်းဆောင်<br>ဖုန်းနံပါတ်-၀၉၇၆၂၇၈၀၁၈၀ | လူထုစည်းရုံးရေးမှူးအမည်<br>နန်းစန္ဒာသင်း |

| | | | |
|---|---|---|---|
| ပြည်နယ်<br>ကရင် | မြို့နယ်<br>ကော့ကရိတ် | ကျေးရွာအုပ်စု<br>ရန်ကုတ် | ကျေးရွာ<br>ကောင်းမှု |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)…………ကရင် | ၃၀ | ဗုဒ္ဓ | ၃၀ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ………………………… | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၂ |
| သက်ကြီးရွယ်အို (၆၅နှစ် နှင့်အထက်) | ၁၅ |
| စစ်ဘေးရှောင် | - |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)…………ကရင် | ၇၆ | ၉၃ | ၁၆၉ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ………………………… | | | |
| အိမ်ထောင်ဦးစီး | ၂၆ | ၄ | ၃၀ |

ခ။ အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | √ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်း သို့ အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်း ဆရာ/မ | | | ဆရာဝန် | | | လက်သ မား | √ | |
| အလယ်တန်း ဆရာ/မ | | | ကျန်းမာရေးမှူး | | | ပန်းရံ | √ | |
| မူလတန်း ဆရာ/မ | √ | √ | ကျန်း မာရေး ဆရာမ | | | လျှပ်စစ် ကျွမ်းကျင် | | |
| မူကြို ဆရာ/မ | | | သားဖွား ဆရာမ | | | ရေပိုက် သွယ် | | |
| အခြား | | | ကျန်း မာရေး လုပ်သား | | | စက်ပြင် | | |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်း အခြေအနေ/အုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ

ကျောက်ကြမ်းလမ်း    ကတရာလမ်း    ကွန်ကရစ်လမ်း    ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း    မြေသားလမ်း    လူသွားလမ်း    အခြား ------------------

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁။ လူထုဗဟိုပြုစီမံကိန်းမစတင်မီ ကျေးရွာတွင် ဖွံ့ဖြိုးရေး ---------- ရှိပါသည်/မရှိပါ/မသိပါ
စီမံချက်ရှိခဲ့ပါသလား?

၂။ ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ?----------- (.....)/ မသိပါ

၃။ ထိုစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား---------------------
ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁။ ကျေးရွာ၏ဗဟိုမှ အုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။--------- (၃)မိုင်/မသိပါ

၂။ ကျေးရွာမှ အုပ်စုရွာသို့သွား/လာရာတွင် အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၂၀မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား...

မိုးရာသီကြာချိန် ၃၀မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား.....

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

...√....မရှိပါ/    ..........ရှိပါသည်/    ရှိလျှင်ဖော်ပြပါ ..............................

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင်
ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့)ရွာသားများ ကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ
ဖွဲ့စည်းထားသော အဖွဲ့များရှိပါသလား?

(၁) ---------------------------------    (၂) ------------------------------------

(၃) ---------------------------------    (၄) ------------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း။**

**……….မရှိပါ။ ……√……ရှိပါသည်။**

**ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ–၂ (PC – 2)**

| စည်းရုံးရေးမှူးဝန်ထမ်းအမည် – | | | |
|---|---|---|---|
| နေ့စွဲ – 11–3–2020 | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..) စက်ဝန်း ၃ (√)၊ စက်ဝန်း ၄ (..) | | |
| ပြည်နယ် ကရင် | မြို့နယ် ကော့ကရိတ် | ကျေးရွာအုပ်စု ရန်ကုတ် | ကျေးရွာ ကောင်းမှု |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူ အရေအတွက် | | | | | အိမ်ထောင်စု စုစုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးစီးသည့် နေ့ | ကျား | မ | အိမ်ထောင်စု | လူမျိုးစု အရေအတွက် | လူမျိုးစု အမည် | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၁.၃.၂၀၂၀ | ၁၁.၃.၂၀၂၀ | 12 | 16 | 28 | 28 | ကရင် | 30 | 93.3 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၁.၃.၂၀၂၀ | ၁၁.၃.၂၀၂၀ | 12 | 16 | 28 | 28 | ကရင် | 30 | 93.3 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၅။ မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော် ရေးကော်မတီးဆုံး ဖြတ်မှုကို ကျေးရွာသို့ | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| အသိပေးသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲ စီမံချက်ရေးဆွဲသည့်အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရေး အစီအစဉ် ရေးဆွဲခြင်း။ | | | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ်ရေးဆွဲခြင်း။ | | | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှုလျာထားအစီအစဉ်ရေးဆွဲခြင်း။ | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ်ရေးဆွဲခြင်း။ | | | | | | | | | |

၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

| စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် – | | | |
|---|---|---|---|
| နေ့စွဲ – ၁၁.၃.၂၀၂၀ | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..)<br>စက်ဝန်း ၃ (√)၊ စက်ဝန်း ၄ (..) | | |
| ပြည်နယ်<br>ကရင် | မြို့နယ်<br>ကော့ကရိတ် | ကျေးရွာအုပ်စု<br>ရန်ကုတ် | ကျေးရွာ<br>ကောင်းမှု |

(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| နယ်မြေမငြိမ်းချမ်းသောကြောင့်တောထဲသို့အသီးအရွက်များ သွားရှာမရခြင်းကြောင့်ဝင်ငွေနည်းပါးခြင်း၊လုံခြုံမှုအားနည်းခြင်း | ကျား<br>√ | မ.... | ကျား+မ ... |
| လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့်သွားလာရ ခက်ခဲခြင်း | ကျား<br>... | မ.... | ကျား+မ<br>√ |
| စာသင်ကျောင်းမကောင်းသောကြောင့်ကလေးများပညာသင် ကြားရာတွင် အခက်အခဲရှိခြင်း | ကျား<br>... | မ.... | ကျား+မ ...<br>√ |
| ကျန်းမာရေးဆရာမမရှိသောကြောင့် အရေးပေါ်လူနာနှင့် ကိုယ်ဝန်ဆောင်များအတွက်အခက်အခဲရှိခြင်း | ကျား<br>... | မ.... | ကျား+မ ...<br>√ |
| လျှပ်စစ်မီးမရှိသောကြောင့်ကလေးများညဘက်စာဖတ်ခြင်း နှင့်သွားလာရာတွင်အခက်အခဲရှိခြင်း | ကျား<br>... | မ.... | ကျား+မ ...<br>√ |
| သောက်သုံးရေမလုံလောက်သောကြောင့် နွေရာသီတွင် သောက်ရေရရှိရန်အခက်အခဲရှိခြင်း | ကျား<br>... | မ....<br>√ | ကျား+မ ... |
| | ကျား<br>... | မ.... | ကျား+မ ... |
| | ကျား<br>... | မ.... | ကျား+မ ... |

(ခ) မျှော်မှန်းခြင်း – နောင်လာမည့် ၅ နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| နယ်မြေငြိမ်းချမ်းပြီးတောထဲသို့အန္တရာယ်ကင်းကင်းသွားလာနိုင်စေရန်။ | ကျား …√ | မ…. | ကျား+မ … |
| လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး သွားလာရအဆင်ပြေလာစေရန်။ | ကျား … | မ…. | ကျား+မ … √ |
| စာသင်ကျောင်းကောင်းမွန်လာပြီး ကလေးများပညာသင်ကြားရာတွင် ပိုမိုအဆင်ပြေလာစေရန်။ | ကျား … | မ…. | ကျား+မ … √ |
| ကျန်းမာရေးဆရာမရရှိလာပြီးအရေးပေါ်လူနာနှင့် ကိုယ်ဝန်ဆောင်များအတွက် ပိုမိုအဆင်ပြေလာစေရန်။ | ကျား … | မ…. | ကျား+မ … √ |
| လျှပ်စစ်မီးရရှိလာပြီး ပညာရေး၊ကျန်းမာရေး၊စီးပွားရေး၊ လူမှုရေး ပိုမိုတိုးတက်လာစေရန် | ကျား … | မ…. | ကျား+မ … √ |
| သောက်သုံးရေလုံလောက်စွာရရှိပြီး နွေရာသီတွင် ရေရှားပါးခြင်းဒဏ်မှ ကင်းဝေးစေရန်။ | ကျား … | မ…. √ | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |

## (ဂ) လူထုစီမံကိန်း၏ နောင်လာမည့် ၄ နှစ်တာအတွက် အကျုံးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေး အတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ | ခန့်မှန်း ကုန် ကျ စရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရန်ကုတ်ချောင်းတံတားကိုကွန်ကရစ်တံတားအဖြစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | ကျား+မ | လမ်းပန်းဆက်သွယ်ရေး | ၄၅၀၀၀၀၀၀ | ၇၆ | ၉၃ | ၁၆၉ |
| ၂ | စိမ့်စမ်းရေသွယ်တန်းခြင်းနှင့်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်း | မ | ရေရရှိရေး | ၂၅၀၀၀၀၀၀ | ၇၆ | ၉၃ | ၁၆၉ |
| ၃ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ကျား+မ | လမ်းပန်းဆက်သွယ်ရေး | ၃၀၀၀၀၀၀၀ | ၇၆ | ၉၃ | ၁၆၉ |
| ၄ | မူလတန်းကျောင်းပြုပြင်တိုးချဲ့ခြင်းလုပ်ငန်း | ကျား+မ | ပညာရေး | ၂၀၀၀၀၀၀၀ | ၇၆ | ၉၃ | ၁၆၉ |
| ၅ | လျှပ်စစ်မီးမီးကြိုးမီးတိုင်သွယ်တန်းခြင်းလုပ်ငန်း | ကျား+မ | မီးလင်းရေး | ၂၄၀၀၀၀၀၀ | ၇၆ | ၉၃ | ၁၆၉ |

## (ဃ) လူထုစီမံကိန်း၏နောင်လာမည့် ၄ နှစ်အအတွက် အကျုံးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ |
|---|---|---|---|
| ၁ | နယ်မြေငြိမ်းချမ်းစေရေး | ကျား+မ | အခြား |
| ၂ | ကျန်းမာရေးဆရာမရရှိရေး | ကျား+မ | ကျန်းမာရေး |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

## ၁၃။ ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ

အစည်းအဝေးခေါင်းစဉ် 1st, 2nd meeting

နေရာ ကောင်းမှုဘုန်းကြီးကျောင်း

နေ့ရက် 11.6.2019

အချိန် မှ 9:00 Am မှ ပြီး 12:30 Pm

ဆွေးနွေးသည့် အကြောင်းအရာ

၁။ စီမံကိန်း မိတ်ဆက်ခြင်း၊ ရန်ပုံငွေ၊ စီမံကိန်း သက်တမ်းအားရှင်းပြခြင်း။
အစီအစဉ်ကာလ တာဝန်ရှိသူနဲ့တာဝန်အားရှင်းပြခြင်း။

၂။ စေတနာ့ဝန်ထမ်းအား ပြန်လည်အတည်ပြု ရွေးချယ်ခြင်း။
PRA-Tools ၆ ခု အား ပြန်လည်မွမ်းမံ ချပြခြင်း။

၃။ အသက်အခြေပြဿနာ၊ မျှော်မှန်းချက်၊ လုပ်ငန်းစဉ်အား ပြန်လည်အတည်ပြုခြင်း။
ဦးစားပေးလုပ်ငန်းအား ပြန်လည်အတည်ပြု ရွေးချယ်ခြင်း။

၄။ ကျူးဝင်/မဝင် အကာအကွယ်အားရှင်းပြခြင်း။
စီ/ဘောက်ကော်မတီအား ပြန်လည်အတည်ပြု ရွေးချယ်ခြင်း။

၅။ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း။

| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ |
|---|---|---|
| ၁။ | စေတနာ့ဝန်ထမ်း မပြောင်းပါ။ | ဦးလှဝ |
| ၂။ | ဦးစားပေးလုပ်ငန်း(ဘုံကျော့ကွင်း ဝင်ထွက်သွားလမ်း၊ ဦးစားပေးပြာ ကို အားလုံးကျေနပ်စွာဖြင့် ရွေးချယ်နိုင်ခဲ့သည် | " |
| ၃။ | ကော်မတီဝင်အား ပြန်လည်အတည်ပြု ရွေးချယ်လိုက်သည် | " |
| | | |
| | | |
| | | |
| | | |

မှတ်တမ်းတင်သူ

အမည်/ ရာထူး နန်းစန္ဒာသင်း / CF

လက်မှတ်/ရက်စွဲ Shin / 11.6.2019

## ၁၄။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ | | | ခုနှစ် | ထောက်ပံ့မည့် အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အ ဦး (လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး) | ၁ | ရန်ကုတ်ချောင်းတံတားကို ကွန်ကရစ်တံတားအဖြစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | | | √ | ၂၀၁၈-၂၀၁၉ | | |
| | ၂ | ရွာတွင်းဂဝံမြေသားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း | | | √ | ၂၀၁၈-၂၀၁၉ | CDD | ပြီး |
| | ၃ | ရွာထိပ်ကွန်ကရစ်တံတား ပြုပြင်ခြင်းလုပ်ငန်း | | | √ | ၂၀၁၈-၂၀၁၉ | | |
| | ၄ | စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်း | | √ | | ၂၀၁၈-၂၀၁၉-၂၀၂၀ | | |
| | ၅ | လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း | | | √ | ၂၀၁၈-၂၀၁၉ | | |
| | ၆ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | | | √ | ၂၀၂၀ | | |
| လူမှုစီးပွား (ပညာရေး၊ ကျန်းမာ ရေးနှင့် ဆိုင်သောအဆောက် အဦးနှင့် အခြားလို အပ်ချက်များ | ၁ | စာသင်ကျောင်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း | | | √ | ၂၀၁၈-၂၀၁၉-၂၀၂၀ | | |
| | ၂ | ကျန်းမာရေးဆရာမ ရရှိရေး | | | √ | ၂၀၁၈-၂၀၁၉-၂၀၂၀ | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| အသက်မွေးဝမ်းကျောင်း (စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆိုင်သော အဆောက်အဦးနှင့် အခြားလို အပ်ချက်များ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေး အန္တရာယ် လျော့ပါးရေး | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| အခြား | ၁ | နယ်မြေငြိမ်းချမ်းစေရေး | √ | | | ၂၀၁၉-၂၀၂၀ | | |
| | ၂ | မိုင်းအန္တရာယ်ကင်းရှင်းစေရေး | | | √ | ၂၀၁၉ | | |
| | ၃ | ကျေးရွာလူထုအတွက် လုံခြုံမှုရှိစေရေး | √ | | | ၂၀၁၉ | | |

## ၁၅။ လူထုဗဟိုပြုစီမံကိန်း (NCDDP)ဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ

| စီမံကိန်း စက်ဝန်း | လုပ်ငန်းခွဲအမည် | အတိုင်းအတာ | ထောက်ပံ့ ငွေ (ကျပ်) | ကျေးရွာ ထည့်ငွေ (ကျပ်) | စုစုပေါင်း (ကျပ်) |
|---|---|---|---|---|---|
| ပထမနှစ် | ပထမနှစ်စက်ဝန်းတွင် လုပ်ငန်းခွဲဆောင်ရွက်ခြင်းမရှိပါ။ | | | | |
| ဒုတိယနှစ် | ရွာတွင်းဂဝံမြေသားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း | 3500'x18'x1" | 12,191,700 | 0 | 12,191,700 |
| တတိယနှစ် | | | | | |
| စတုတ္ထနှစ် | | | | | |